BNI BURMA NEWS INTERNATIONAL
Myanmar Peace Monitor

# Weekly News Review

Issue 109, 14 - 20 June 2023



# စစ်အုပ်စုအား ထိတ်လန့်စေသော
# ပန်းသပိတ် လှုပ်ရှားမှု

# စစ်အုပ်စုအား ထိတ်လန့်စေသော ပန်းသပိတ်လှုပ်ရှားမှု

## နီဒါန်း

ဖွန်လ ၁၉ ရက်၊ မွေးနေ့ရှင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုကြရင်း အာဏာသိမ်းစစ်အုပ်စုအား ဆန့်ကျင်တော်လှန်ရေးလှုပ်ရှားမှုတရပ်အဖြစ် "ပန်းသပိတ်"ကို နွေဦးတော်လှန်ရေးအင်အားစုများနှင့်အတူ ပြည်သူလူထုက လိုက်ပါလှုပ်ရှားခဲ့ကြသည်။ ဖွန်လ ၁၅ ရက်စတင်ပြီး "ပန်းသပိတ်"အတွက် အကြိုဆော်သြမှုများဖြစ်သည့် "ဇေဒါပုံ့ အံကိုခဲ၊ ပန်းပန်လျက်ပဲ" ဆိုသည့် ကြွေးကြော်သံများသည် နိုင်ငံတဝှမ်းလုံးသို့ လွင့်ပျံ့နေခဲ့ပြီဖြစ်သည်။

မွေးနေ့ရှင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အဓမ္မဖမ်းဆီးခံထားကြရသည့် ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူ အကျဉ်းသူအကျဉ်းသားများအားလုံးအား အောက်မေ့ခြင်း၊ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် တော်လှန်သမိုင်းအဆက်ဆက်တွင် ပါဝင်လှုပ်ရှားနေကြသော အမျိုးသမီးထု၏ ဂုဏ်ရည်ကို ဖော်ညွှန်းခြင်းစသည့်အကြောင်းရင်းခံများဖြင့် "ပန်းသပိတ်လှုပ်ရှားမှုကြီး"ကို ဆော်သြခဲ့ခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်း မုံရွာလူထုသပိတ်တိုက်ပွဲဦးဆောင်ကော်မတီက ရှင်းပြထားသည်။ ထို့အပြင် ကမ္ဘာ့ပြည်သူများနည်းတူ၊ မြန်မာပြည်သူလူထုကပါ ပန်းများဖြင့် တွဲဖက်ရှုမြင်လေ့ရှိသည့်

ဒေါ်အောင်ဆန်းစုကြည်၏ ပုံရိပ်ကို ထင်ဟပ်စေသည့်အတွက် "ဘုရားပန်းအိုး အသစ်တင်ကြမယ်၊ အိမ်တွင်းအိမ်ပြင်၊ အိမ်ရှေ့တိုင်းမှာ ပန်းတွေထိုးကြမယ်၊ ဆင်ကြမယ်။ ပန်းအလှတွေ ချိတ်ဆွဲပြင်ဆင်ကြမယ်။ Online ရော Off-line မှာပါ ပန်းသပိတ် ကမ်ပိန်း ဆောင်ရွက်ကြမယ်ဗျာ။ လမ်းမထက်မှာ နိစ္စဓူဝလှုပ်ရှားသွားလာကြမယ့် အမျိုးသမီး၊ အမျိုးသား ပြည်သူအားလုံးကလည်း ပန်းပန်ကြမယ်၊ ရင်ဘတ်မှာ ပန်းထိုးကြမယ်ဗျာ။ ပန်းနဲ့ပတ်သက်ဆက်နွယ်တဲ့ လှုပ်ရှားမှုမျိုးစုံကို မိမိတို့ ဉာဏ်ရှိသလို ဆန်းသစ်တီထွင် ကွန့်မြူးပြီး ဖော်ဆောင်ကြမယ်"ဟု ကြေညာခဲ့ပါသည်။

ယခုတစ်ပတ် BNI-Myanmar Peace Monitor အပတ်စဉ်သတင်းသုံးသပ်ချက်တွင် အရောင်အသွေးစုံ၊ ရနံ့သင်းထုံစွာဖြင့် မြို့ပြကျေးလက် နယ်စုံဒေသစုံမှ ပြည်သူလူထု တရပ်လုံး ပူးပေါင်းပါဝင်လာသည့် ပန်းသပိတ်လှုပ်ရှားမှုကြီးနှင့် အာဏာသိမ်းစစ်အုပ်စု၏ ကန့်သတ်ဟန့်တားမှုများ၊ ဖမ်းဆီးမှုများကို လက်လှမ်းမီသမျှ လေ့လာတင်ပြသွားပါမည်။

## အရောင်အသွေးစုံသော ပန်းသပိတ်လှုပ်ရှားမှုများ

စစ်ကိုင်းတိုင်း တန့်ဆည်မြို့ စစ်အာဏာရှင်ဆန့်ကျင်ရေးသပိတ်စစ်ကြောင်းနှင့် ဒေသခံပြည်သူများစုပေါင်းကာ "တော်လှန်ပန်းများ လွင့်ပျံ၊ အမျိုးသမီးထုအားမာန်" ဟူသည့် စာသားပါ ချည်သားဆိုင်းဘုတ်များကိုင်ဆောင်ပြီး ဇွန် ၁၉ ရက်နေ့ ပန်းသပိတ်ကို ဆင်နွှဲခဲ့ကြသည်။ မုံရွာတက္ကသိုလ်ကျောင်းသားများသမဂ္ဂနှင့် လက်ပံတောင်းတောင်ပင်မ သပိတ်စစ်ကြောင်းတို့ ပူးပေါင်းကာ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာ (၃)ရွာမှ ဒေသခံပြည်သူများစုပေါင်းကာ ပန်းသပိတ်ဆင်နွှဲခဲ့ပြီး နိုင်ငံကျော်အဆိုတော် ခင်မောင်တိုး၏ "ခွန်အားဖြည့်မိငယ်"သီချင်းအားသီဆိုပြီး မွေးနေ့ရှင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုခဲ့ကြပါသည်။ ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာပေါင်းစုံမှ ပြည်သူများကလည်း "ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးခံသူရဲကောင်းများအားလုံးကျန်းမာစေကြောင်း ဆုတောင်းမေတ္တာပို့ရင်း စစ်အာဏာရှင်အမြစ်ပြတ်ရေး" ပန်းသပိတ်ပြုလုပ်ခဲ့ကြသည်။

မကွေးတိုင်း အမှတ်(၁)စစ်ဒေသ၊ မကွေးခရိုင် အမှတ် (၁)တပ်ရင်းမှ အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ် ဆင်နွှဲတိုက်ပွဲဝင်နေကြသော ရဲဘော်၊ ရဲမေများကလည်း ဦးခေါင်းထက်တွင် နှင်းဆီပန်းများပန်ဆင်ကာ ပန်းသပိတ်လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသည်။ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) လက်အောက်ခံ မန္တလေးတိုင်း သပိတ်ကျင်းပြည်သူ့ကာကွယ်ရေးအဖွဲ့မှ ရဲဘော်၊ရဲမေများကလည်း လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ ဖမ်းဆီးထိမ်းသိမ်းခံထားရသော နိုင်ငံရေးအကျဉ်းသားအားလုံးကို လေးစားဂုဏ်ပြုသောအားဖြင့် ပန်းသပိတ်လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပါသည်။ ပခုက္ကူခရိုင် အမှတ် (၁၀) တပ်ရင်းတွင်လည်း ရဲဘော်များ၏ ရင်ဘတ်ထက်တွင် နှင်းဆီပန်းများထိုးကာ ပန်းသပိတ် လှုပ်ရှားခဲ့ကြပါသည်။




*ဓာတ်ပုံ-မကွေးခရိုင် (၁) တပ်ရင်း*

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်အတွင်းတွင်တော့ ဒေသခံကလေးငယ်များ စုပေါင်းကာ ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ပန်းသပိတ်လှုပ်ရှားမှုပြုလုပ်ခဲ့ပြီး ဝက်လက်မြို့နယ် လူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီမှဦးဆောင်ပေးခဲ့သည်ဟု ဆိုပါသည်။ ဒီပဲယင်းမြို့နယ်အတွင်းရှိ စစ်ဘေးရှောင် ကျောင်းသား၊ ကျောင်းသူများအတွက် ပန်းသပိတ်လှုပ်ရှားမှုနှင့်အတူ S&C မီးဘေးစစ်ဘေးပညာရေးကူညီစောင့်ရှောက်ရေးအဖွဲ့က ကြာဇံဟင်းခါးဖြင့် အာဟာရဒါနကျွေးမွေးခဲ့ပါသည်။

ရန်ကုန်မြို့ရှိ တော်လှန်ရေးအင်အားစုများကတော့ လုံခြုံရေးတင်းကြပ်နေသည့်အကြားမှ ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့လှုပ်ရှားမှုအဖြစ် “We Miss You” စာသားပါချည်သားဆိုင်းဘုတ်ကို လူကူးဂုံးကျော်တံတား တစ်ခုတွင် ချိတ်ဆွဲထားပါသည်။




မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး မစ္စတာခရစ္စတင်းလီချာဗေး(Mr.Christain Lechervy) ကလည်း  ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ် ပန်းသပိတ်တွင် ပါဝင်ခဲ့ပြီး စစ်အာဏာသိမ်းမှုစတင်ကတည်းက ဖမ်းဆီးထားသည့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချွင်းချက်မရှိလွှတ်ပေးဖို့ တောင်းဆိုခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့အစည်း(EU)ကလည်း နှင်းဆီပန်းအပါအဝင် ပန်းပေါင်းစုံပါဝင်သည့် ဓာတ်ပုံအား ၎င်းတို့၏ Facebook Cover အဖြစ် ပြောင်းလဲဖော်ပြကာ ပန်းသပိတ်တွင် ပါဝင်လှုပ်ရှားခဲ့သည်ကို တွေ့ရ ပါသည်။

ဆိုရသော် ၇၈ နှစ်ပြည့်မွေးနေ့ရှင် ဒေါ်အောင်ဆန်းစုကြည်အတွက် ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ပန်းသပိတ်လှုပ်ရှားမှုကြီးသည် အာဏာသိမ်းစစ်အုပ်စု၏ ထိန်းချုပ်နိုင်စွမ်းလျော့ရဲပျက်ပြားနေသည့် စစ်ကိုင်း၊ မကွေးကဲ့သို့ ဒေသများအတွင်း ရာနှင့်ချီသည့် စုပေါင်းလှုပ်ရှားမှုကြီးများကို မြင်တွေ့ခဲ့ရပြီး ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးပြကြီးများတွင်မူ ပြောက်ကျားနည်းလမ်းဖြင့်လည်းကောင်း၊ ညဏ်ပွင့်လန်းသလို ကိုယ့်နည်းကိုယ်ဟန်မျိုးစုံဖြင့် ပန်းသပိတ်တွင် ပါဝင်လှုပ်ရှားခဲ့ကြသည်ဟု ဆိုရပါမည်။ တချို့ကပန်းပွင့်များဆင်မြန်းပြီး ရိုက်ကူးထားသည့် ဓာတ်ပုံများ၊ မွေးနေ့ဆုတောင်းစကားများနှင့်အတူ ရုပ်သံဖိုင်များရိုက်ကူးကာ လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပန်းသပိတ်တွင် ပါဝင်လှုပ်သူများလည်း ရှိခဲ့သည်ကို မှတ်တမ်းပြုရပါသည်။

# ပန်းသပိတ်က စစ်အုပ်စုအား ထိတ်လန့်စေ

ဖွန်လ ၁၉ ရက်၊ နိုင်ငံတဝှမ်းလုံးရှိ ပန်းသပိတ်လှုပ်ရှားမှုများသည် အာဏာသိမ်းစစ်အုပ်စုအား ကြီးမားစွာထိတ်လန့်ကြောက်ရွံ့စေသည်ကို အံ့သြဖွယ်တွေ့ရှိရပါသည်။ အထူးသဖြင့် ပန်းပန်သူ၊ ပန်းရောင်းသူနှင့် ပန်းကို လက်တွင်ကိုင်ဆောင်သူကအစ အာဏာသိမ်းစစ်အုပ်စု၏ အစေအပါးတသိုက်က လိုက်လံဖမ်းဆီးခြင်းများ၊ ရိုက်နှက်ကြိမ်းမောင်းခြင်းများ ရှိခဲ့ပါသည်။

ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့ပေါ်တွင် ပန်းသပိတ်လှုပ်ရှားမှုပြုလုပ်သည်ဟု စွပ်စွဲကာ အမျိုးသမီး (၅၀) ဦးနှင့် အမျိုးသား (၃၀)နီးပါးအား စစ်ကောင်စီတပ်သားများက ဖမ်းဆီးခဲ့သည်။ မော်လမြိုင်ကျွန်းမြို့ အမှတ် ၉၊ ၁၀၊ ၁၁ ရပ်ကွက်များတွင် လူနေအိမ်များအတွင်းထိ စစ်ကောင်စီတပ်သားများက ဝင်ရောက်ရှာဖွေစစ်ဆေးသည်ဟု ဆိုပါသည်။[1]

စစ်ကိုင်းတိုင်း ကလေးမြို့ပေါ်ရှိ မြို့မဈေးအပါအဝင် မြို့တွင်းလူစည်ကားရာနေရာများတွင် ပန်းပန်ထားသူ၊ ပန်းရောင်းသူအမျိုးသမီး ၄၀ ခန့်ကိုစစ်ကောင်စီလက်အောက်ခံရဲနှင့် စစ်သားများက ဖမ်းဆီးခဲ့ပါသည်။ [2]



ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ ပန်းဘဲတန်းမြို့နယ်နှင့် တာမွေမြို့နယ်များအတွင်း ပန်းသပိတ်တွင် ပါဝင်သဖြင့် အမျိုးသမီး ၂၈ ဦးနှင့် အမျိုးသား တစ်ဦးအား စစ်ကောင်စီတပ်သားများကဖမ်းဆီးခဲ့သည်။ မန္တလေးတိုင်း ရမည်းသင်းအကျဉ်းထောင်မှထောင်ဝင်စာတွေ့ပြီး ပြန်လာသည့် ဒေါ်စန္ဒာမြင့်နှင့် အမျိုးသားနှစ်ဦးကိုလည်း ပန်းသပိတ်လှုပ်ရှားသည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ပါသည်။

1 မော်ကျွန်းမှာ ပန်းသပိတ်စွပ်စွဲချက်နဲ့ ဖမ်းဆီးခံရသူ ၈၀ နီးပါးပြန်လွတ်လာ http://rb.gy/e5hpk
2 ကလေးမြို့တွင် ပန်းပန်ထားသူ အမျိုးသမီး ၄၀ ခန့် ဖမ်းဆီးခံရ http://rb.gy/3ix5h

> အာဏာသိမ်းစစ်အုပ်စုသည် ပန်းပန်ပြသည့် ပန်းသပိတ်လှုပ်ရှားမှုကိုပင် လက်သင့်မခံနိုင်တော့သည့် အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်သည်။

ဆိုရသော် လက်နက်အားကိုးဖြင့် နိုင်ငံတဝှမ်းလုံးရှိ ပြည်သူလူထုအပေါ် ဖိနှိပ်ချုပ်ချယ်ကန့်သတ်မှုများပြုလုပ်နေသည့် အာဏာသိမ်းစစ်အုပ်စုသည် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ် ပန်းသပိတ်လှုပ်ရှားမှုကိုပင် လက်သင့်မခံနိုင်ဘဲ ထိတ်လန့်ကြောက်ရွံ့နေသည်ဟု ဆိုရပါသည်။ နိုင်ငံတဝှမ်းလုံးတွင် ဇွန်လ ၁၉ ရက် နေ့ တစ်ရက်တည်း ပန်းသပိတ်လှုပ်ရှားမှုတွင် ပါဝင်သည်ဟုစွပ်စွဲချက်ဖြင့် ဖမ်းဆီးခံထားရသူပေါင်း ၁၅၀ ကျော် အထိ ရှိနေပြီး အများစုသည် အမျိုးသမီးများ ဖြစ်ကြသည်ကို တွေ့ရပါသည်။

## သုံးသပ်တင်ပြချက်

နွေဦးတော်လှန်ရေးကာလတလျှောက်လုံးတွင် ယခုတကြိမ် ပန်းသပိတ်လှုပ်ရှားမှုသည် ဒုတိယမြောက်လှုပ်ရှားမှုဖြစ်ပြီး ၂၀၂၁ ခုနှစ် ဇွန်လ ၁၉ ရက် ၇၆ နှစ်မြောက် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့တုန်းကလည်း ယခုကဲ့သို့ ပန်းသပိတ်လှုပ်ရှားမှုမျိုး ပြုလုပ်ကာ အာဏာသိမ်းစစ်အုပ်စုအား ဆန့်ကျင်ဆန္ဒဖော်ထုတ်ခဲ့ကြပါသည်။ ၇၈ နှစ် ပြည့်မွေးနေ့ရှင်အတွက် အထိမ်းအမှတ်အဖြစ် "ပန်းပန်ပြခြင်း"ကိုပင် လိုက်လံဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် နည်းမျိုးစုံ အသုံးပြုဟန့်တားနေရခြင်းကို ထောက်ရှုကြည့်ပါက လက်နက်အားကိုးဖြင့် အဓမ္မအာဏာ လုယူထားသော စစ်အုပ်စုအတွက် တစုံတရာသော ထိတ်လန့်ကြောက်ရွံ့စေမှုကို ပန်းသပိတ်လှုပ်ရှားမှုကြီးက ပေးစွမ်းနိုင်ခဲ့သည်ဟု ဆိုရပါလိမ့်မည်။

ယခုတကြိမ် ပန်းသပိတ်လှုပ်ရှားမှုကြီးသည် မွေးနေ့ရှင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစု ကြည်နှင့်တကွ အာဏာသိမ်းစစ်အုပ်စု၏ အဓမ္မဖမ်းဆီးခြင်း ခံထားရသူအားလုံးကို အောက်မေ့ကြောင်း ပြသလိုက်ခြင်းဖြစ်သည်။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် တော်လှန်သမိုင်းအဆက်ဆက်တွင် ပါဝင်လှုပ်ရှားနေကြသော အမျိုးသမီးထု၏ ဂုဏ်ရည်ဂုဏ်ဒြပ်များအား ဖော်ညွှန်းခြင်းဖြစ်သည်။ ထို့အပြင် နွေဦးတော်လှန်ရေးကာလတလျှောက်လုံးတွင် အသုံးပြုခဲ့သော စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး အကြမ်းမဖက်ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပြသခြင်းများအနက် နည်းလမ်းတခုဖြစ်သည်။

နိုင်ငံတဝှမ်း မီးရှို့ဖျက်ဆီးမှုများ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကိုပင် နေ့စဉ်နှင့်အမျှ အချိန်မရွေး၊ နေရာမရွေး လူသားမဆန်စွာ ကျူးလွန်လျက်ရှိသော အာဏာသိမ်းစစ်အုပ်စုသည် ပန်းပန်ပြသည့် ပန်းသပိတ်လှုပ်ရှားမှုကိုပင် လက်သင့်မခံနိုင်တော့သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ အဓမ္မအာဏာလုယူရန် ကြိုးပမ်းနေမှုအား ဆန့်ကျင်သော ပြည်သူလူထု၏ လှုပ်ရှားမှုတိုင်းကို စိုးရိမ်ကြောက်လန့်နေရပြီဟု ရှုမြင်သုံးသပ်ရပါသည်။

# Weekly Highlight Quotes



"ကျွန်မတို့ စစ်ရှောင်စခန်းမှာပဲ နေတာကြာလာတဲ့အတွက် ကျွန်မတို့ကလေးတွေ လူငယ်တွေက ပညာရေးပိုင်းမှာ စိတ်ဝင်စားမှုနည်းလာတယ်။ စစ်ကောင်စီကဖွင့်တဲ့ ကျောင်းမှာလည်း မတက်ချင်ကြဘူး၊ အသင်းတော်ကဖွင့်တဲ့နေရာမှာတက်ဖို့ကလည်း ငွေကြေးမတတ်နိုင်ပြန်ဘူး။ အဲ့လိုမျိုး အခက်အခဲတွေရှိတယ်၊ ကျွန်မတို့နေရပ်မှာလည်းမပြန်တာကြာတော့ ချုံတွေထူနေပြီ။ ပြန်ရင်လည်း အစကနေပြန်လုပ်ရမယ်၊ ကျွန်မတို့က စားဝတ်နေရေးအတွက် စိုက်ခင်းကို တစ်နိုင်တပိုင်လုပ်ကြတယ်လေ။ နိုင်ငံရေးတွေပြန်ကောင်းရင်တော့ အရမ်းပြန်ချင်တယ်"


ကွတ်ခိုင်မြို့နယ် နမ့်ဖက်ကာ စစ်ရှောင်စခန်းမှ အမျိုးသမီးတစ်ဦး

*(BNI-MPM တွင် ဖော်ပြထားသော*
*"ကချင်ဒေသအသီးသီးမှ စစ်ရှောင်အမျိုးသမီးများ၏ မတူညီသော အသံများ" မှ*
*ကောက်နှုတ်ဖော်ပြထားခြင်းဖြစ်သည်။*

# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ဇွန်လ ၁၄ ရက်မှ ၂၀ ရက် တပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF / LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၃၁ ရက်ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ကယားပြည်နယ်နှင့်စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၀ ရက်အထိရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်း ပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမိုများပြားနိုင်ပါသည်။




**၃၁ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း




# စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု


၁၄ - ၂၀ ဇွန် ၂၀၂၃

**၉၆** စစ်ကောင်စီတပ်သားသေဆုံးမှု


**၅** ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု

**၁၅** အရပ်သားသေဆုံးမှု



စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁၀ ရက်





တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

- ၀ - ၀
- ၀ - ၁
- ၂ - ၃

# စစ်ကိုင်း

မုံရွာ၊ တမူး၊ ခင်ဦး၊ စစ်ကိုင်း၊ ကသာ၊ ကလေးဝ၊ ကနီနှင့် ရွှေဘိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့ အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၅၄ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မုံရွာ၊ အင်းတော်နှင့် ဝန်းသိုမြို့နယ်များတွင် စစ်ကောင်စီတပ် တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၁၀ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်ပစ်ခတ်မှုကြောင့် စစ်ကိုင်း၊ ကလေးနှင့် ကနီမြို့နယ်များမှ ဒေသခံပြည်သူ ၃ ဦး သေဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ်စစ်ကြောင်းထိုးလာသောကြောင့် ဆားလင်းကြီးနှင့်ခင်ဦးမြို့နယ်များမှ ဒေသခံပြည်သူ ၁၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။




စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ ရက်





# ကချင်


ဇွန်လ ၁၆ ရက်နေ့က ဝိုင်းမော်မြို့နယ်၊ နမ်ဆန်ယန်မှာ စစ်ကြောင်းထိုးလာသည့်စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။

တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

- ၀ - ၀
- ၀ - ၁

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၂ရက်








# မကွေးတိုင်း

ထီးလင်းနှင့် ပေါက်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့်ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်မှ ၂ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၁၅ ရက်နေ့က စစ်ကောင်စီတပ်သည် ဆိပ်ဖြူမြို့နယ်၊ ချောင်းမကြီးအနောက်အုပ်စုမှ အသက် ၇၀ အရွယ် အမျိုးသားတစ်ဦးကို ဖမ်းဆီးသွားပြီးနောက် သတ်ဖြတ်ခဲ့သည်။

---







# မန္တလေး


ဇွန်လ ၁၅ ရက်နေ့က နေပြည်တော်မှ မိတ္ထီလာသို့ လေ့ကျင့်ပျံသန်းနေသည့် စစ်ကောင်စီတပ်၏ လေ့ကျင့်ရေး လေယာဉ်တစ်စီး စက်ချို့ယွင်း၍ လယ်ဝေးမြို့နယ် လယ်ဒါကြီးကျေးရွာအနီးမှာပျက်ကျပြီး အရာရှိတစ်ဦးနှင့် သင်တန်းသားတစ်ဦးသေဆုံးခဲ့သည်။ ဇွန်လ ၁၅ ရက်နေ့က မြင်းခြံမြို့နယ်၊ ငွေးပင်ရိုးကျေးရွာအနီးမှာ မိုင်းအတုကို လာရှင်းသည့် စစ်ကောင်စီအဖွဲ့သည် မိုင်းဆွဲတိုက်ခိုက်ခံရပြီး ၄ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၁၈ ရက်နေ့က မြင်းခြံမြို့နယ်၊ လင်ကြီးဆိပ်ကမ်းအနီး ရောက်ရှိလာသည့် စစ်ကောင်စီတပ်၏ အမြန်ရေယာဉ်တစ်စီးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပိုင်းဝန်းပစ်ခတ်တိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၁၀ ဦးထက်မနည်း သေဆုံးခဲ့သည်။ ဇွန်လ ၁၄ ရက်နေ့က မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဖိုးကျော်ဆိုသူ အမည်မသိလက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ အလားတူ ဇွန်လ ၁၄ ရက်နှင့် ၁၅ ရက်နေ့က သပိတ်ကျင်းမြို့နယ်တွင် ပြည်သူ ၆ ဦး အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။

စုစုပေါင်း တိုက်ပွဲအရေအတွက် ၁ ရက်




# ကရင်ပြည်နယ်


ဇွန်လ ၁၆ ရက်နေ့က သံတောင်ကြီးမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်မှ ၂ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၁၉ ရက်နေ့က သံတောင်ကြီးမြို့နယ်၊ ကျုံဒိုးမြို့ ခုနစ်တိုင် လျှပ်စစ်ရုံးအတွင်း တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်တွေကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ဒရုန်းဖြင့် ပုံးကြဲတိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၂ ဦး သေဆုံးခဲ့သည်။






# ပဲခူးတိုင်း

ဇွန်လ ၁၇ ရက်နေ့က တောင်ငူခရိုင်၊ တပ်မဟာ-၂ နယ်မြေ၊ ချောင်းနှစ်ခွရွာကို စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့တာကြောင့် နေအိမ်အတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် ၆၀ အရွယ် ဒေါ်နော်ယွာအယ်ဖေဆိုသူ သေဆုံးခဲ့သည်။




စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ ရက်





# ရှမ်း (သျှမ်း) ပြည်နယ်

ဇွန်လ ၁၆ ရက်နေ့က ဖယ်ခုံမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၀ ဦးကျဆုံးခဲ့သည်။ အဆိုပါတိုက်ပွဲကြောင့် ဖယ်ခုံမြို့နယ်အတွင်းမှ ဒေသခံပြည်သူ ၃၀၀၀၀ ကျော်သည် ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေရသည်။ ထို့အပြင် ဇွန်လ ၁၆ ရက်နေ့က မူဆယ်မြို့ စက်မှုရပ်ကွက်အတွင်းရှိ ခေါက်ဆွဲဆိုင်တစ်ဆိုင်တွင် ပြည်သူ့စစ်တပ်ဖွဲ့ဝင်တစ်ဦး အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ အလားတူ ဇွန်လ ၁၅ ရက်နေ့က လဲချားမြို့လယ်ခေါင်ရှိ ဈေးအရှေ့ဘက်၌ ကားလမ်းကူးနေသည့် အမျိုးသားတစ်ဦးကို အမည်မသိလက်နက်ကိုင်တပ်ဖွဲ့မှ ပစ်သတ်ခဲ့သည်။





စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁၀ ရက်




# ကရင်နီ (ကယား) ပြည်နယ်


မယ်စဲ့နှင့် ဖားဆောင်း မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်နီ အမျိုးသားကာကွယ်ရေးတပ် (KNDF) တို့ တိုက်ပွဲများ ပြင်းထန်နေသည်။ အဆိုပါတိုက်ပွဲတွေကြောင့် မယ်စဲ့နှင့် ဖားဆောင်းမြို့နယ်များမှ ဒေသခံပြည်သူ ၁၅၀၀၀ ကျော်ဟာ ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေရသည်။

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၅ရက်




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၀ - ၀
၀ - ၅




# တနင်္သာရီတိုင်း


ဖွန်လ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အထိ တနင်္သာရီမြို့နယ်မှာ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၁ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ဖွန်လ ၁၄ ရက်နေ့က ပုလောမြို့နယ်၊ မင်းပြင်ကျေးရွာအနီး ကိုးပင်တောင်မှာ သစ်ချသီးသွားကောက်သည့် ဒေသခံနှစ်ဦး မိုင်းနင်းမိပြီး ၁ ဦးမှာ အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၁ ဦးမှာ သေဆုံးခဲ့သည်။ ထို့အပြင် ဖွန်လ ၁၄ ရက်နေ့က သရက်ချောင်းမြို့နယ်၊ မင်းဒပ်ကျေးရွာအုပ်စု၊ ဝဲရစ်ရွာဘုန်းကြီးကျောင်းတွင် စစ်ရှောင်နေသည့် အသက် ၈၀ ကျော်အရွယ် ဦးဖေသန်းသည် စစ်ကောင်စီ၏သေနတ်သံကြောင့်ထိတ်လန့်ကာ အမောဖောက်သေဆုံးခဲ့သည်။ ဖွန်လ ၁၉ ရက်နေ့က တနင်္သာရီမြို့နယ်၊ ဘန်လောကျေးရွာအုပ်စုရှိ ရေပေါ်ရွာကို စစ်ကောင်စီတပ်မှ ၁၂၀ မမ လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်မှုကြောင့် အသက် ၅၀ နှစ် အရွယ်ရှိ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဒေသခံပြည်သူ ၁၀၀ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ရက်




# မွန်ပြည်နယ်

ဖွန်လ ၁၄ ရက်နေ့က အရပ်ဘက်ကားအသေးခြောက်စီးခန့်ဖြင့် ရေးမြို့မှ စတင်ထွက်ခွာလာသော စစ်ကောင်စီတပ်အား ရေးမြို့နယ်၊ နင်းစုံကျေးရွာနှင့် စံပြကျေးရွာအကြားရှိ ထီးမေဘော တံတားအနီးတွင် ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်တိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၂ ဦး သေဆုံးခဲ့သည်။




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၀ - ၀
၀ - ၁

# နိုင်ငံတကာစာမျက်နှာ




ကုလသမဂ္ဂ၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ဖွန်လ ၁၄ ရက်က ထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ ၂၈ ရာခိုင်နှုန်းနီးပါးသည် (လူပေါင်း၁၅ ဒသမ ၂ သန်းခန့်) ယခုနှစ်တွင် စိုးရိမ်ဖွယ်စားနပ်ရိက္ခာမလုံခြုံမှုနှင့် ရင်ဆိုင်ရလိမ့်မည်ဟု ခန့်မှန်းထားသည်။ ယင်းခန့်မှန်းချက်သည် ၂၀၂၂ ခုနှစ်က မြင့်မားသော အဆင့်ထက် ၁၅ ရာခိုင်နှုန်း ပိုများခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ခန့်မှန်းမှု မတိုင်မီထက် ၅ ဆ နီးပါး ပိုမို မြင့်မားနေကြောင်းဖော်ပြထားပါသည်။ ယင်းနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မိကြောင်းနှင့် နိုင်ငံ၏နေရာဒေသအသီးသီးတွင် စိုးရိမ်ဖွယ်ရာဖြစ်သော စားနပ်ရိက္ခာမလုံခြုံမှုက အကျပ်အတည်းဆိုက်သော မြင့်မားသည့်အခြေအနေတွင်ရှိနေသည်ဟု FAO က သတိပေးထားပါသည်။

ထိုသို့ ဖြစ်ရခြင်းမှာ အဓိကအားဖြင့် ၂၀၂၁ ဖေဖော်ဝါရီ စစ်တပ်အာဏာသိမ်းပြီးနောက် စခဲ့သည့် ရှုပ်လျားသော နိုင်ငံရေးနှင့် စီးပွားရေးအကျပ်အတည်းနှင့် ၂၀၂၂ ခုနှစ်အတွင်း ကောက်ပဲသီးနှံထုတ်လုပ်မှုပိုင်းတွင် ကျဆင်းပြီး လိုအပ်မှုများ ဖြစ်ပေါ်ခြင်းနှင့် လက်ရှိ အစားအစာဈေးနှုန်းများ မြင့်တက်ခြင်းတို့ကြောင့် ဖြစ်သည်ဟု ဆိုထားပါသည်။

ကုလသမဂ္ဂ လူသားချင်းစာနာကူညီမှု ညှိနှိုင်းရေးရုံး၏ စာရင်းအရ မြန်မာနိုင်ငံအတွင်း အိုးအိမ်စွန့်ခွာရသည့် ဒုက္ခသည် ၁.၈ သန်း ရှိပြီး၊ ယင်းအနက် ၁.၅ သန်း သည် ၂၀၂၁ စစ်တပ်က အာဏာသိမ်းပြီးနောက် အိုးအိမ်စွန့်ခွာရသူများ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ဒေသအလိုက် ခုခံစစ်များ ပေါ်လာခဲ့ပြီးနောက် စစ်ကိုင်း၊ မကွေး၊ ချင်း၊ ကချင်၊ ကရင်နီနှင့်ကရင်ပြည်နယ်တို့တွင် စစ်ပြေးဒုက္ခသည်များ များပြားလာခြင်းဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်ပြီး ကမ္ဘာတဝန်း ဒုက္ခသည်ဦးရေတိုးများလာခြင်းကို ဟန့်တားနိုင်ရန် ကမ္ဘာကြီးအနေဖြင့် ပြဿနာရှိနေသည့် နေရာပေါင်းစုံတွင် ငြိမ်းချမ်းရေးဆောင်ကြဉ်းပေးနိုင်ရန် လိုအပ်ကြောင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီးက အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်များနေ့ ဖွန် ၂၀ ရက်တွင် ပြောကြားထားပါသည်။

> “ ဇွန်လ ၁၉ ရက်တွင် ထိုင်းအိမ်စောင့်အစိုးရသည် မြန်မာ့အာဏာသိမ်းစစ်အုပ်စုနှင့် ပြန်လည်ထိတွေ့ဆက်ဆံရန် ရည်ရွယ်ပြီး၊ ပဋိပက္ခဒဏ်သင့် မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်နေသော ၎င်းတို့နယ်စပ်ကို ကာကွယ်ရန်ဟုဆိုကာ မြန်မာ့အရေးဆွေးနွေးပွဲ တစ်ခုကို ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ်ကျင်းပခဲ့ပါသည်။ ”

ဇွန်လ ၁၉ ရက်တွင် ထိုင်းအိမ်စောင့်အစိုးရသည် မြန်မာ့အာဏာသိမ်းစစ်အုပ်စုနှင့် ပြေလည်ထိတွေ့ဆက်ဆံရန် ရည်ရွယ်ပြီး၊ ပဋိပက္ခဒဏ်သင့် မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်နေသော ၎င်းတို့နယ်စပ်ကို ကာကွယ်ရန်ဟုဆိုကာ မြန်မာ့အရေးဆွေးနွေးပွဲ တစ်ခုကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့ပါသည်။

ထို့ပြင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမွတ်ဝီနိုင်းက ယခု အစည်းအဝေးသည် အာဆီယံ အစည်းအဝေးတခု မဟုတ်ကြောင်း၊ သို့သော် မြန်မာစစ်ကောင်စီက နိုင်ငံခြားရေးဝန်ကြီးသစ်တစ်ဦး ခန့်အပ်ထားပြီးနောက် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့်အခြေအနေများနှင့်ပတ်သက်ပြီး နားထောင်ရန်ရည်ရွယ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ဖိုရမ်တစ်ခု ဖြစ်ကြောင်းလည်း ပြောထားပါသည်။

သို့သော် အာဆီယံ၏ လက်ရှိဥက္ကဋ္ဌ အင်ဒိုနီးရှားအပါအဝင် အာဆီယံအဖွဲ့ဝင်တချို့မှ ၎င်းဆွေးနွေးပွဲကို တက်ရောက်ခြင်းမရှိခဲ့ဘဲ၊ အဖွဲ့ဝင်နိုင်ငံတချို့က ဆွေးနွေးပွဲအပေါ် သဘောမကျကြောင်း ရှင်းရှင်းလင်းလင်းထုတ်ဖော်ထားသည့်အပြင် အခြားအဖွဲ့ဝင် နိုင်ငံတချို့ကလည်း နိုင်ငံခြားရေးဝန်ကြီးများကို မလွှတ်ဘဲ အငယ်တန်းအရာရှိများကိုသာ စေလွှတ်ခဲ့ကြောင်း သိရပါသည်။

ထိုင်းနိုင်ငံဆွေးနွေးပွဲတွင် ကမ္ဘောဒီးယားအဆင့်မြင့်အရာရှိများနှင့် ဒေသတွင်း အင်အားကြီးနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယအပါအဝင် အခြား ၇ နိုင်ငံမှ ကိုယ်စားလှယ်များမှ မြန်မာ့အရေးဆွေးနွေးနေစဉ်တွင် မြန်မာနိုင်ငံ၏လက်ရှိအခြေအနေများမှာ ပိုမိုဆိုးရွာလာနေကြောင်း ဇွန်လ ၁၉ ရက်က ဖနွမ်းပင်မြို့တော်ရှိ ရေဆိုးသန့်စင်စက်ရုံတစ်ခု ဖွင့်လှစ်ပွဲတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်က ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အာဏာသိမ်းမှုသည် ၎င်းတို့၏ ပြည်တွင်းရေးကိစ္စအဖြစ်သာ ၎င်းအနေဖြင့် မှတ်ယူခဲ့ခြင်းကြောင့် ယခင်က မြန်မာ့အရေးနှင့်ပတ်သက်ပြီး မှတ်ချက်မပေးခဲ့ဖူးကြောင်း၊ သို့သော် ယခုအခါတွင် မြန်မာနိုင်ငံ၏ အခြေအနေများမှာ ဖြေရှင်းနိုင်ရန် ခက်ခဲသည့်အပြင် ပိုမိုဆိုးရွားလာနေကြောင်း ၎င်းက မှတ်ချက်ပြုထားပါသည်။

အာဆီယံ၏ ပထမဆုံးဖြစ်ပြီး၊ အာဆီယံ ၁၀ နိုင်ငံမှ စစ်ခေါင်းဆောင်များ တက်ရောက်ကြမည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအား ရွှေ့ဆိုင်းကြောင်း အင်ဒိုနီးရှားစစ်တပ်မှ ဇွန်လ ၂၀ရက် က ထုတ်ပြန်ထားပြီး၊ စစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်ဆိုပါကလည်း တရုတ်နှင့် အငြင်းပွားသော ရေပြင်မှဝေးရာတွင်သာပြုလုပ်မည်ဖြစ်ကြောင်း သိရပါသည်။ ယခင်က အာဆီယံအဖွဲ့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အင်ဒိုနီးရှားမှ အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ထားသော မြောက်နာတူနာ ပင်လယ်ရေပြင်တွင် ပြုလုပ်ရန် ကနဦးက ရွေးချယ်ခဲ့သော်လည်း ယင်းရေပြင်တွင် တရုတ်၏ ရေယာဉ်များ မကြာခဏ ကင်းလှည့်လှုပ်ရှားနေခြင်းကြောင့် ယခုအခါ အာဆီယံ၏ စစ်ရေးလေ့ကျင့်မှုကို စက်တင်ဘာ ၁၈ ရက်မှ ၂၅ ရက်အတွင်း တောင်နာတူနာပင်လယ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား စစ်တပ်က ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှုသို့ အာဆီယံ ၁၀ နိုင်ငံစလုံးမှ စစ်ခေါင်းဆောင်များ တက်ရောက်ကြလိမ့်မည်ဟု အင်ဒိုနီးရှား စစ်တပ်မှ ဇွန်လ ၂၀ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့ပါသည်။

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

Weekly News Review